**ဣန္ဒြေငါးအင် စုံလင်ပြည့်ဝ တရားရ**

သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ အလွဲကြည်ညို၏။

ပညာများပြား၊ သဒ္ဓါရှား၊ အမှားဖြစ်တတ်၏။

သမာဓိပြင်း၊ ဝီရိယကင်း၊ အပျင်းဖြစ်တတ်၏။

ဝီရိယများ၊ သမာဓိပါး၊ စိတ်ထားပျံ့လွင့်၏။

သတိကိုကား၊ မြဲစွာထား၊ လွန်ငြားမရှိပေ။ (မဟာသတိပဋ္ဌာနသုတ်အဖွင့်)

**ရှင်းလင်းချက်**

သဒ္ဓါ လွန်ကဲ၍၊ ပညာ နည်းပါးပါက၊

သာသနာပ လုပ်ငန်းများ၌ အမှား ကြည်ညိုတတ်၏။

ပညာ များပြား၍ သဒ္ဓါတရား ခေါင်းပါးပါက၊

ကောက်ကျစ် ယုတ်မာတတ်၏။

သမာဓိ အားကောင်း၍ ဝီရိယ ချို့တဲ့ပါက ပျင်းရိတတ်၏။

ဝီရိယ လွန်ကဲ၍ သမာဓိ အားလျော့ပါက၊

စိတ် ပျံ့လွင့်တတ်၏။ စိတ် မတည်မငြိမ် ဖြစ်တတ်၏။

သတိ တရားသည်ကား လွန်ကဲသည်မရှိပေ၊

အမြဲ လိုအပ်နေ၏။